myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

August 9, 2019 Volume 22, Number 7

| ၉.၈.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅ဝ၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇ဝဝဝ/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/ကျပ် |
| CBM Rate | = ၁၅ဝ၈.ဝ/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၈.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁ဝ၉ဝ.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၂၇.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁ဝ၂၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၇ဝကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆ဝ.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.ဝ၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ပြည်တွင်းရွှေဈေးနှုန်းတည်ငြိမ်စေရန် ကမ္ဘာ့ရွှေဈေးနှုန်းထက်မပိုသည့် နှုန်းထားဖြင့် ဝယ်/ရောင်းလုပ်ကြရန်တိုက်တွန်း




ပြည်တွင်း၌ ရွှေဈေးနှုန်း စံချိန်တင်မြင့်တက်ခဲ့ပြီးသည့်နောက် ကမ္ဘာ့ ရွှေဈေးနှုန်းထက် မပိုသည့်နှုန်းထားဖြင့် အရောင်းအဝယ်ပြုလုပ်ကြရန် တိုက်တွန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအုန်းမြိုင်က ဩဂုတ်လ (၈)ရက်က BETV သို့ပြောသည်။ လက်ရှိ စံချိန်တင်မြင့်တက်သွားသည့် အခေါက်ရွှေဈေးနှုန်း ကျပ် (၁၂)သိန်း၊ (၅)ထောင်ကျပ်က ကမ္ဘာ့ရွှေဈေးနှုန်းထက် လျော့နည်းနေသည့် ဈေးနှုန်း ဖြစ်သော်လည်း ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ယင်းသို့တိုက်တွန်းရခြင်း ဖြစ်ကြောင်း ဦးအုန်းမြိုင်ကဆိုသည်။

ကမ္ဘာ့ဈေးနှုန်းအောက်ကို ၂ သောင်းလောက်လျှော့ပြီး အရောင်းအဝယ် လုပ်စေချင်တာပေါ့။ ဈေးကွက်ထဲမှာ ပစ္စည်းရှားတော့ လုဝယ်ကြတယ်လေ။ အဲ့လိုလုဝယ်လို့ ကမ္ဘာ့ဈေးနှုန်းထက်ကျော်သွားမှာစိုးရိမ်လို့လေ။ ပစ္စည်း တအားပြတ်တဲ့အချိန်ကျတော့ ဈေးကွက်ထဲမှာလိုချင်လို့ တအားလိုက်ဝယ် မယ်ဆိုရင်ကမ္ဘာ့ဈေးကို ကျော်သွားနိုင်တယ်ဟုဆိုသည်။ ပြည်တွင်းရွှေ ဈေးကွက်အတွင်း အရောင်းအဝယ်လုပ်ရန် ပစ္စည်းပြတ်နေသဖြင့် စံချိန်တင်

မြင့်တက်သွားခြင်းဖြစ်ပြီး လက်ရှိရွှေ ဈေးကွက်အတွင်း ပစ္စည်းပြတ်သွားသဖြင့် အလုအယက် ဝယ်ယူမှုများ ရှိလာခြင်းကြောင့် ယင်းဈေးနှုန်းအထိ မြင့်တက်သွား ရခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌဦးအုန်းမြိုင်ကရှင်းပြသည်။

ကမ္ဘာ့ဈေးနှုန်းကတော့ တအားတက်နေတယ်။ ဝယ်တဲ့သူကလည်း ပစ္စည်းက တအားပျက်နေတဲ့အခါကျတော့ လုဝယ်ကျတယ်။ အဲ့ဒါကို ကျွန်တော်တို့က ဈေးနှုန်းထိန်းထိန်းသိမ်းသိမ်းနဲ့ဝယ်ဖို့ အဲ့ဒါကိုဆုံးဖြတ်လိုက်တာပဲ။ နောက်ပြီး တကယ်ရောင်းနေတဲ့ ပစ္စည်းအရေအတွက်ကိုပဲ အရောင်းအဝယ်လုပ်ဖို့ ပြောထားပါတယ်ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအုန်းမြိုင်ကပြောသည်။ ယင်းကဲ့သို့ ရွှေဈေးနှုန်းများ စံချိန်တင် ဆက်တိုက်မြင့်တက်လာခြင်းကြောင့် ယခုသြဂုတ်လ (၆)ရက်နှင့် (၇)ရက် နေ့တို့၌ အရောင်း၊ အဝယ် လုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ပြီး ငွေစာရင်းရှင်းခြင်းများနှင့် အမှန်တကယ် ဝယ်/ရောင်းလုပ်နိုင်သူများကိုသာ ဖိတ်ခေါ်ထားကြောင်း အသင်းဥက္ကဋ္ဌ ဦးအုန်းမြိုင်ကပြောသည်။

လက်ရှိ အခေါက်ရွှေတစ်ကျပ်သား ကျပ် (၁၂)သိန်း၊ (၃)ထောင်သို့ မြင့်တင်သွားခြင်းသည် ယခုနှစ်အတွင်း အမြင့်ဆုံးသို့ စံချိန်တင် မြင့်တက်သွားခဲ့ခြင်းဖြစ်ပြီး ယခု သြဂုတ်လ (၂)ရက်နေ့မှ စတင်ကာ တစ်ကျပ်သားလျှင် ကျပ် ၁၁၅၂၀၀၀ သို့ စံချိန်တင် မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး သြဂုတ်လ (၃)ရက်နေ့တွင် (၁၁၅၄၉၀၀) ကျပ်၊ သြဂုတ်လ (၅)ရက်နေ့တွင် ကျပ် (၁၁၆၇၀၀၀)နှင့် သြဂုတ်လ (၆)ရက်နေ့တွင် ကျပ်(၁၁၇၃၀၀၀) မှ သြဂုတ်လ (၇)နေ့တွင် ကျပ် (၁၂၀၀၀၀၀)သို့ စံချိန်တင်မြင့်တက်လာခဲ့ကြောင်းသိရသည်။

လက်ရှိ သြဂုတ်လ (၈)ရက် (ယနေ့) တွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် (၁၂) သိန်း (၅)ထောင်အထိ ဆက်လက်မြင့်တက်နေပြီး သြဂုတ်လ (၇)ရက်နေ့၌ ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် ကန်ဒေါ်လာ (၁၄၈၉) ဖြင့် အရောင်းအဝယ်ရှိခဲ့ကာ ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် (၁၅၀၈ ဒသမ ၄) ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ကုန်သွယ်ရေးတင်းမာမှုတွေကြောင့် ရေနံဈေး ၅ ရာခိုင်နှုန်းအထိကျဆင်း



ကမ္ဘာ့ရေနံဈေးတွေကတော့ သြဂုတ်၇ ရက်မှာ ၅ ရာခိုင်နှုန်းအထိ ကျဆင်းပြီး ခုနစ်လတာအတွင်း အနိမ့်ဆုံး အမှတ်ကို ရောက်ရှိခဲ့ပါတယ်။ ဒါဟာ လက်ရှိ အမေရိကန်-တရုတ်ကုန်သွယ်ရေး တင်းမာမှုတွေပိုနက်ရှိုင်းလာမှုကြောင့် ရေနံစိမ်းဝယ်လိုအားလျော့ကျမယ့်အရေး စိုးရိမ် ပူပန်မှုတွေ ဖြစ်ပေါ်နေခြင်း၊ အမေရိကန် ရေနံစိမ်းသိုလှောင်မှုပိုင်းမှာ မမျှော်လင့်ဘဲ များပြားလာခြင်းတို့ကြောင့် ခုလိုရေနံဈေးကျသွားခြင်း ဖြစ်တယ်လို့ သိရပါတယ်။ Brent ရေနံဈေးနှုန်းကတော့ ယင်းနေ့က ၄ ရာခိုင်နှုန်း ဒါမှမဟုတ် ၂ ဒသမ ၃၈ ဒေါ်လာကျပြီး တစ်စည်ကို ၅၆ ဒသမ ၅၆ ဒေါ်လာမှာ ရှိနေခဲ့ပါတယ်။ ယင်းကတော့ ခုနစ်လအတွင်း အနိမ့်ဆုံးဖြစ်တယ်လို့ဆိုပါတယ်။

အလားတူ အမေရိကန် WTI ရေနံဈေးကတော့ ၅ ရာခိုင်နှုန်း ဒါမှမဟုတ် ၂ ဒသမ ၆၆ ဒေါ်လာကျပြီး တစ်စည်ကို ဒေါ်လာ ၅၀ ဒသမ ၉၇ မှာ ရှိနေခဲ့ပါတယ်။ အမေရိကန်အစိုးရရဲ့ ဒေတာကိန်းဂဏန်းတွေအရ အမေရိကန်ရေနံ သိုလှောင်ပစ္စည်းပမာဏပိုင်းမှာ ပြီးခဲ့တဲ့အပတ်က စည်ပေါင်း ၂ ဒသမ ၄ သန်းအထိမြင့်တက်ခဲ့တယ်လို့ ပြသနေခဲ့ပြီးနောက် ယခုလို ရေနံဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

**Source:** SFJ Strategy First Journal

https://www.channelnewsasia.com/.../oil-slumps-5per-cent-to-s...

## ချင်းပြည်နယ်အတွင်း ခရီးလမ်းပန်းဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်လျက်ရှိ



ချင်းပြည်နယ်အတွင်း ခရီးလမ်းပန်းအဆင်ပြေချောမွေ့ပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့က လမ်းသစ်များဖောက်လုပ်ခြင်း၊ လမ်းဟောင်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၌ ချင်းပြည်နယ် မတူပီမြို့နယ်၊ စောင်းတီးယား–ဘုံတလာလမ်းကို မိုင်တိုင်အမှတ် (၅) အထိ (လမ်းအကျယ် ၁၂ ပေမှ ၂၄ ပေ ) လမ်းတာချဲ့ခြင်း၊ မိုင်တိုင်အမှတ် (၅)မှ (၈)အထိ လမ်း၏မူလ အကျယ် ၆ ပေမှ ၂၄ ပေအထိ လမ်းတာချဲ့ခြင်းနှင့် ကတ္တရာခင်းကျင်းခြင်း၊ ပေ ၄၀၀ ရှိ မြေထိန်းနံရံလေးခုတည်ဆောက်ခြင်း၊ ပေ ၈၀၀ ရှိ ကျောက်နံရံလေးခုတည်ဆောက်ခြင်း၊ ပေ ၂၀၀၀ ရှိ ကျောက်စီရေမြောင်းနှစ်ခုတည် ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ချင်းပြည်နယ် မတူပီခရိုင်နှင့်မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းပိုင်းမှ ၅၂ မိုင်ရှိ ထိန်ဆီး–ရပ်စီလမ်းပေါ်ရှိ တံတားခြောက်စင်းကိုလည်း အကောင်အထည်ဖော်တည်ဆောက် သွားမည်ဖြစ်ပြီး အဆိုပါတံတားခြောက်စင်းကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ပေ၄၀တံတား သုံးစင်း၊ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်တွင် ပေ ၅၀ တံတားနှစ်စင်းနှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ပေ ၁၀၀ တံတားတစ်စင်းကို အကောင်အထည်ဖော် တည်ဆောက် ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖလမ်းမြို့နယ် ရိဒ်လမ်းခွဲမှ မှောင်ကွန် (ရွာဟောင်း)နှင့် မှောင်ကွန်(ရွာသစ်)လမ်းကိုလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126749.html

## ပြည်တွင်းကြက်သွန်ဖြူဈေးနှုန်း ပြန်လည်ကောင်းမွန်လာ

တရုတ်က ကြက်သွန်များ မှောင်ခိုဝင်ရောက်မှုများနေသည့် ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရအဖွဲ့က ထိရောက်စွာ စစ်ဆေးအရေးယူနေခြင်းကြောင့် အဝင်လျော့နည်းလာပြီး ပြည်တွင်းကြက်သွန်ဖြူဈေးနှုန်း ပြန်လည်ကောင်းမွန်လာကြောင်း ကုန်သည်များထံမှသိရသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများပါဝင်သည့်အဖွဲ့များက မြန်မာ-တရုတ် ဝင်ပေါက်များတွင် စစ်ဆေးကြပ်မတ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်၌ မှောင်ခိုဝင်ရောက်မှုလျော့နည်းလာခြင်းကြောင့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့် ဈေးတက်လာကြောင်းသိရသည်။ တောင်ကြီးရှိ ကြက်သွန်ဖြူကုန်သည်ဦးစိုင်းဖြိုးက ဒါကိုစိစစ်ပေးဖို့တင်ပြထားတာတွေရှိတယ်။ ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာ ဂန်ကြီးဌာနတွေကလည်း နစ်စဥ်စစ်ဆေးတယ်။ ဒါပေမယ့် တရားမဝင်ကတော့ ပပျောက်မသွားပေမယ့် ဝင်ရောက်နှုန်းတော့ နည်းသွားတာပေါ့။ ဒီလိုမှမလုပ်ရင် တောင်သူတွေဟာ စိုက်ပျိုးစကတွေ လျော့ချစိုက်လာမယ်ဆိုရင် ပြည်တွင်းသုံးစွဲမှုကို အနည်းနဲ့အများတော့ ထိခိုက်လာမှာဖြစ်တယ်ဟုပြောသည်။ ယခင်က မျိုးခြားကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၁၀၅၀ ရှိရာမှ ယခုအခါတွင် ကျပ် ၂၅၀၀ အထိ ဈေးနှုန်းမြင့်တက်လာသည်။ ယခုနှစ်တွင် ကြက်သွန်ဖြူစိုက်ပျိုးမှုနည်းသောကြောင့် ဈေးနှုန်း ထပ်မံမြင့်တက်လာနိုင်ရန်လည်းရှိကြောင်း ကြက်သွန်ဖြူလုပ်ငန်းရှင်များအသင်းက သုံးသပ်ထားသည်။

မှောင်ခိုဝင်ရောက်နေမှုများ စစ်ဆေးကြပ်မတ်ခြင်းကို ကြက်သွန်ဖြူ ထွက်ပေါ်ချိန်တွင်သာမကဘဲ တစ်နှစ်ပတ်လုံး စီမံချက်ချ ဆောင်ရွက်ရန် လိုအပ်သလို တစ်ဖက်တွင်လည်း ပြည်ပသို့တိုးတက်တင်ပို့နိုင်ရန် ဈေးကွက်ရှာဖွေပေးရန်လိုအပ်ကြောင်း ၎င်းကပြောသည်။

လက်ရှိ ပြည်ပသို့ ကြက်သွန်ဖြူ တန်ချိန် ၃ဂဂဂ ခန့်သာ တင်ပို့လျက်ရှိခြင်းကြောင့် ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းနေသေးသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ဝန်ကြီးဌာနအနေနဲ့အသင်းအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ပေးတာနဲ့ ဈေးငွေရရှိဖို့ကို ချိတ်ဆက်ဆောင်ရွက်ပေးသွားမယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်သွားမယ်ဟုပြောသည်။ ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရာတွင်အခက်အခဲများ ကြုံတွေ့နေခြင်းကိုပူးပေါင်းဖြေရှင်းရန်၊ ကြက်သွန်ဖြူဈေးနှုန်း ကျဆင်း၍ စိုက်ပျိုးဧကများ လျော့ကျလာနိုင်ခြင်းကြောင့် တည်ငြိမ်သည့် ဈေးနှုန်းတစ်ရပ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၎င်းကပြောသည်။ ကြက်သွန်ဖြူကို ဝယ်ယူပြီး ထိန်းသိမ်းထားသည့် ကုမ္ပဏီများ အနေဖြင့် သိုလှောင်ရုံများ အလုံအလောက်ရှိရန်လိုအပ်ကြောင်း၊ ထိုသို့ အလုံအလောက်ရှိမှသာ ဈေးနှုန်းကျဆင်းမှုကို ထိန်းသိမ်း ရောင်းဝယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

လေးနှစ်အတွင်း ဈေးကွက်ပျက်ခဲ့ပြီးပြီ။ မနှစ်ကလည်းရှုံးတယ်ပေါ့။ အခုနှစ်တော့ သေချာစိစစ်ကြပ်မတ်နေတာ တွေ့ရတယ်။ ဒါပေမယ့် မနှစ်ကဈေးမကောင်းခဲ့တော့ ဒီနှစ်စိုက်ဧကတွေ လျှော့ချစိုက်ထားကြတယ်။ အစိုးရက တရားမဝင်ဝင်ရောက်တာ၊ ပိုမိုစိစစ်နေတာရယ်၊ စိုက်ဧကလျှော့ချစိုက်တာရယ်ကြောင့် ဒီနှစ်တော့ ဈေးကောင်းလာမယ်လို့ မျှော်လင့်ရတယ်ဟု တောင်ကြီးရှိ ကြက်သွန်ဖြူစိုက်တောင်သူ ဦးဖြူလွင်ကပြောသည်။ သို့သော် မြန်မာ-တရုတ်နယ်စပ်ဧရိယာရှည်လျားသဖြင့် မှောင်ခိုဝင်ရောက်မှုကို တားဆီးရာတွင် အခက်အခဲများရှိနေကြောင်းသိရသည်။ ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဦးထွန်းစိန်က ပြည်ပက တရားမဝင်ဝင်ရောက်နေတာတွေကြောင့် ဈေးကွက်ပျက်တဲ့အထိ ကြုံတွေ့ခဲ့ရတယ်။ ဒါကြောင့် သေချာစိစစ်ဆောင်ရွက်ပေးနေသလို တစ်ဖက်မှာလည်း ဈေးကွက်ပြန်လည်ကောင်းလာဖို့ အစီအမံတွေလိုအပ်တယ်။ ကြက်သွန်ဖြူ စံပြစိုက်ကွက်တွေလည်းဖော်ဆောင်ဖို့လိုအပ်တယ်ဟု ပြောသည်။ ပြည်တွင်း၌အများဆုံးစိုက်ပျိုးနေသည့် ကြက်သွန်ဖြူမျိုးများမှာ ထူး-၁၊ ထူး-၂၊ ထူး-၃၊ ထူး-၄၊ ထူး-၅ တို့ဖြစ်သည်။

ကြက်သွန်ဖြူကဏ္ဍ တိုးတက်လာရေးအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးစေ့ ရရှိစိုက်ပျိုးနိုင်ရေး၊ အရည်အသွေး စံချိန်မီသည့် မြေသြဇာများ ရရှိသုံးစွဲနိုင်ရန် ပြည်နယ်အစိုးရက ကြီးကြပ်ဆောင်ရွက် ပေးရေးနှင့် တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်များ လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်နေသည်။ မြန်မာသည် ကမ္ဘာ့တတိယမြောက် ကြက်သွန်ဖြူ စိုက်ပျိုးမှုများသည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးဧကခုနစ်သိန်းကျော်ရှိသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် စိုက်ဧက ၄ဂဂဂဂ နီးပါး စိုက်ပျိုးပြီး တန်ချိန် ၉ဂဂဂဂ ကျော်ထွက်ရှိကြောင်း၊ အဓိကစိုက်ပျိုးသည့် မြို့နယ်များမှာတောင်ကြီး၊ ပင်လောင်း၊ လဲချား၊ မိုင်းပန်နှင့်ဟိုပုံးမြို့နယ်တို့ဖြစ်သည်။

**Source:** www.thefarmermedia.com

## ကော်ဖီစိုက်ပျိုးထုတ်လုပ်ကြရာတွင်လည်း ဓာတုကင်းစင်သော အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ကြရန်လိုအပ်

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် အိမ်နီးချင်းနိုင်ငံများကိုဖြတ်ကျော်ကာ နိုင်ငံတကာဈေးကွက်များသို့ စိုက်ပျိုးရေးထုတ်ကုန်များ ထိုးဖောက်နေရာယူနိုင်ရန် နောက်ဆုံးပေါ် စိုက်ပျိုးရေးနည်းပညာများကို ရယူဆောင်ရွက်နိုင်ရန် လိုအပ်နေသကဲ့သို့ ထူးခြားဆန်းသစ်သော နည်းပညာအသစ်များ ဖော်ထုတ်ပေးနိုင်ရေးအတွက်လည်း အကူအညီများပေးသွားကြရန် လိုအပ်ပါသည်။

စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်လိုအပ်ချက်များနှင့်အညီ ဈေးကွက်ဝင်သီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သော အထွက်ကောင်းမျိုးများကို စိုက်ပျိုးပေးသွားကြရန်လိုအပ်ပါသည်။ ယခုအခါ အစားအစာများအားလုံးဘေးအန္တရာယ်ကင်းရှင်းသည့် အစားအစာဖြစ်စေရန်အပြင် ဓာတုဓာတ်ကြွင်းအာနိသင်များကင်းစင်စေရန်လည်း လိုအပ်လှပါသည်။ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ကြရာတွင်လည်း ဓာတု ကင်းစင်သော အော်ဂဲနစ် စိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်လှပါသည်။ ကမ္ဘာပေါ်တွင် ကော်ဖီစိုက်ပျိုးရေးကို ၁၉၆၇ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံက အော်ဂဲနစ်ကော်ဖီ စတင်စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး၁၉၈၅ ခုနှစ်တွင် ဥရောပနိုင်ငံများသို့ အော်ဂဲနစ်ကော်ဖီကို စတင် တင်ပို့ရောင်းချခဲ့ပါသည်။ ဘရာဇီး၊ ကိုလံဘီယာ၊ မက္ကဆီကိုနိုင်ငံများသည် အော်ဂဲနစ်ကော်ဖီကို အဓိကစိုက်ပျိုး

ထုတ်လုပ်ကြသည်။ အော်ဂဲနစ်စိုက်ပျိုးရေးဆိုသည်မှာ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်ခြင်း၊ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ဓာတုပစ္စည်းများကိုသုံးစွဲခြင်းမပြုဘဲ သဘာဝမြေဆွေး၊ အီးအမ်မြေဆွေးများ၊ စိုက်ပျိုးသည့်နည်းစနစ်များကို ထိန်းချုပ်အသုံးပြုပြီးလျှင် သီးနှံများအထွက်တိုးလာအောင် စိုက်ပျိုးသည့်နည်းစနစ်ဖြစ်ပါသည်။

အော်ဂဲနစ်လက်မှတ် တရားဝင်ရရှိရန် လက်ရှိအော်ဂဲနစ်အဖွဲ့အစည်းများက သတ်မှတ်ထားသောစည်းမျဉ်းများကို တိကျစွာလိုက်နာရန်လိုအပ်ပါသည်။ အော်ဂဲနစ်၊ ဓာတုမဲ့ပစ္စည်းများဖြင့် ကော်ဖီပင်ကို စိုက်ပျိုးထုတ်လုပ်ကြရာတွင် စိုက်ပျိုးမြေ၊ မြေဆီလွှာများကောင်းမွန်အောင် ပြုပြင်ပေးကြရန်လိုအပ်ပါသည်။ ကော်ဖီအထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင် ကော်ဖီမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။ ကော်ဖီစိုက်ပျိုးကြရာတွင် ပင်လယ်ရေ မျက်နှာပြင် ပေ ၂၅၀၀ အထက် ကုန်းမြင့်ကော်ဖီကို တန်းကြားရှစ်ပေ၊ ပင်ကြားလေးပေဖြင့် စိုက်ပျိုးပြီး ပေ ၂၅၀၀ ထက်နိမ့်သော ဒေသတွင် မြေနိမ့်ကော်ဖီမျိုးများကို တန်းကြား ၁၀ ပေ၊ ပင်ကြား ၁၀ ပေဖြင့် စိုက်ပျိုးပါ။ ကော်ဖီပင်များအတွက် ရေနှင့် အာဟာရဓာတ်များကို မှန်ကန်စွာထည့်သွင်းပေးပါ။ စိုက်ခင်းအတွက် သဟဇာတဖြစ်စေသော သဘာဝနွားချေးမြေဆွေးများ၊ အီးအမ်မြေဆွေးများကိုပြုလုပ်စုဆောင်းထားရှိပေးပါ။ ကော်ဖီကို အော်ဂဲနစ်စိုက်ပျိုးနည်းများဖြင့်စိုက်ပျိုးပြီး ခူးဆွတ်ကြရာတွင်လည်း ရိတ်သိမ်းချိန်လွန်နည်းပညာများ အခြေခံ၍ မှန်ကန်စွာဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါသည်။ အော်ဂဲနစ်စိုက်ပျိုးရေး လုပ်ငန်းများတွင် အကျိုးပြုအဏုဇီဝ သက်ရှိများပါဝင်၍ သက်ရှိအချင်းချင်းလည်း နိမ်နင်းကာကွယ်နိုင် ပါသည်။ လူတို့၏ အကျိုးပြုသဘာဝပတ်ဝန်းကျင်များကိုရရှိစေပါသည်။ ကော်ဖီပင်များကို အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးကြရာတွင် ကျန်းမာသန်စွမ်းသောအပင်များသည် အားနည်းသောအပင်များထက် ပိုးရောဂါကျရောက်မှုဒဏ်ခံနိုင်ရည်ရှိပါသည်။ ပထမဦးစွာ ကော်ဖီ စိုက်ခင်းများကို ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ထားရှိရပါမည်။ ကော်ဖီကို အရိပ်ရအပင်ကြီးများ၏အောက်တွင် စိုက်ပျိုးထားရှိပြီး ခေါင်းနိမ်ခြင်း၊ ကိုင်းဖြတ်ပြုပြင်ပေးခြင်း၊ ပုံသွင်းခြင်း၊ အတက်ဖဲ့ပေးခြင်းများကို စနစ်တကျပြုလုပ်ပေးကြရပါမည်။ ဤကဲ့သို့ စနစ်တကျပြုလုပ်ပေးပါက ပိုးမွှားရောဂါကျရောက်မှုများကို ဟန့်တားပေးနိုင်ပါသည်။ ကော်ဖီပင်များကို အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးခြင်းအားဖြင့် ရရှိလာသောအကျိုးကျေးဇူးများမှာ သဘာဝပတ်ဝန်းကျင်အတွင်းရှိ အကျိုးပြုသက်ရှိအမျိုးမျိုးတို့၏ ရေရှည်တည်တံ့မှုကို ထိန်းသိမ်းပေးနိုင်ခြင်း၊ မြေဆီလွှာများ၏ အကျိုးသက်ရောက်မှုများကို တိုးတက်ကောင်းမွန်စေပြီး ရေရှည်အကျိုးကို ဖြစ်ထွန်းစေပါသည်။ ကော်ဖီစိုက်ခင်းအတွင်းရှိ သစ်ရွက်ဆွေး၊ အမှိုက်ဆွေးများကို သဘာဝအရင်းအမြစ် သွင်းအားစုများအဖြစ် ပြန်လည်အသုံးချနိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပါသည်။ အော်ဂဲနစ်နည်းဖြင့် ကော်ဖီစိုက်ပျိုးပေးခြင်းအားဖြင့် ကော်ဖီပင် ကျန်းမာသန်စွမ်းပြီး ပိုးရောဂါကျရောက်မှု လျော့နည်းစေကာ ကော်ဖီ၏အထွက်နှုန်းကိုလည်း တိုးတက်ရရှိစေပါသည်။ ကော်ဖီသောက်သုံးရမှု အရည်အသွေးသည်လည်း ဓာတုကော်ဖီများထက် အရသာသာလွန်ကောင်းမွန်စေပါသည်။ သဘာဝအရ အရည်အသွေးကောင်းမွန်သော ကော်ဖီများဖြစ်၍ ဈေးနှုန်းမြင့်မားစွာ ရောင်းချနိုင်ပါသည်။ မျှတသင့်လျော်သော ကုန်သွယ်မှုအကျိုးဆက်များကြောင့် စိုက်ပျိုးရေးလုပ်သားများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်များလည်း တိုးတက်မြင့်မားလာစေနိုင်ပါသည်။

ထို့ကြောင့် မြန်မာတောင်သူလယ်သမား၊ကော်ဖီစိုက်တောင်သူကြီးများ၊ ကော်ဖီစိုက်ပျိုးသူ လုပ်ငန်းရှင်ကြီးများအားလုံး စိုက်ပျိုးရေးထွက်ကုန်များကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပေးနိုင်ပြီး နိုင်ငံတော်အတွက်ကော်ဖီစိုက်ပျိုးမှု တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်ပါသဖြင့် အော်ဂဲနစ်ကော်ဖီစိုက်ပျိုးရေးဆီသို့ အရောက်လှမ်းပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**Source:** www.thefarmermedia.com

## တနင်္သာရီတိုင်းတွင် ကိုကိုးပင်ကို နှစ်ရှည်စိုက်ခင်း ရော်ဘာနှင့်ကွမ်းသီးပင်များကြားတွင် ကြားညှပ်စိုက်ပျိုးရာ ဝင်ငွေရလမ်းတိုးပြီး အောင်မြင်မှုရရှိနေ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့နယ်၊ မိကျောင်းလှောင်ကျေးရွာတွင် ကိုကိုးပင်ကို နှစ်ရှည်စိုက်ခင်းရော်ဘာနှင့် ကွမ်းသီးပင်များကြားတွင် ကြားညှပ်စိုက်ပျိုးရာ ဝင်ငွေရလမ်းတိုးပြီး အောင်မြင်မှုရရှိနေကြောင်းသိရသည်။ ကိုကိုးပင်သည် တောင်ကုန်းကဲ့သို့သော နေရာမျိုးကိုနှစ်သက်ခြင်းမရှိဘဲ နန်းတင်မြေနုဖြင့် မိုးများပြီး ပူအိုက်စိုစွတ်သည့် ရာသီဥတုမျိုးကို ကြိုက်နှစ်သက်သော အပင်တစ်မျိုးဖြစ်၍ ဖွန်လမှ စတင်စိုက်ပျိုးသင့်သော အပင်တစ်မျိုးဖြစ်ကြောင်းသိရသည်။ ကိုကိုးပင်တစ်ပင်လျှင် အနည်းဆုံးအသီး ၈၀ ကျော်သီးပြီး တစ်ပိဿာကို ကျပ် ၅၅၀ ရရှိကာ တစ်ပိဿာလျှင် အလုံးရေသုံးလုံးခန့်သာ အလေးချိန်ရှိကြောင်းနှင့် ဈေးကွက်တွင် လာရောက်ဝယ်ယူနေကြကြောင်း၊

ကိုကိုးပင် ၂၀၀ စိုက်ပျိုးလျှင် ကျပ်သိန်း ၃၀ ခန့်ရရှိနေကြောင်းသိရသည်။

ကိုကိုးပင်စိုက်ပျိုးရန် လောလောဆယ်တွင် မြေအနေအထားနှင့်ရာသီဥတုကိုက်ညီမှုအရ တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်းတွင်သာ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများမျှဝေပေးလျက်ရှိကြောင်းသိရသည်။ ဦးလေးတို့ရဲ့ စီးပွားရေးကို ရော်ဘာတစ်မျိုးတည်းပေါ်မှာပဲ မှီခိုနေရတယ်။ ဒါပေမယ့် ရော်ဘာခြစ်တာကတော့ တစ်ရာသီပဲလုပ်လို့ရတော့လေ၊ အခုလို မိုးရာသီဆို ပိုက်ဆံချေးသုံးရတယ်။ အခုဆိုရင် မြေကြီးပေါ်မှာ ဈေးကွက်ရှိတဲ့ သီးနှံနောက်တစ်မျိုးထပ်စိုက်လို့ ရလာမယ် ဆိုရင်တော့ ဦးလေးတို့ဝင်ငွေပိုတိုးလာတာပေါ့ဟု တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် ဧကနိရွာမှ ဦးကြည်ငွေက ပြောသည်။ ကိုကိုးပင်သည် တစ်ကမ္ဘာလုံးက လူအများနှစ်သက်ကြသော ချောကလက်၏ အဓိကကုန်ကြမ်းဖြစ်သော ကြောင့် ကမ္ဘာတွင် ဈေးကွက်အခိုင်အမာရရှိထားသော သီးနှံဖြစ်သလို မြန်မာ့ဈေးကွက်တွင်လည်းအလားအလာကောင်းများ ရှိလာနိုင်ကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## နောက် ၆ လကနေ ၁၂ လအတွင်း ရွှေဈေးဆက်လက် အားကောင်းနေမည်ဟုခန့် မှန်း

လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ရေးရာအခြေအနေတွေကြောင့် ရွှေဈေးနှုန်းဟာ လာမယ့်ခြောက်လကနေ ၁၂ လအထိ ကာလအတွင်း ဆက်လက်အားကောင်းနေဖို့ရှိနေကြောင်း စင်ကာပူထိပ်တန်းဘဏ်တစ်ခုမှ စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားလိုက်ပါတယ်။ ကမ္ဘာဟာ လက်ရှိအချိန်ကာလမှာ မရေမရာအခြေအနေတစ်ခုမှာ ရောက်နေပါတယ်။ ဒီလို အခြေအနေကနေတဆင့် ရွှေကအကျိုးအမြတ်ရဖို့ရှိနေပါတယ်လို့ Oversea-Chinese Banking Corporation (OCBC Bank) က စီးပွားရေးပညာရှင် Howie Lee က ပြောပါတယ်။

ကမ္ဘာ့ရွှေဈေးကတော့ ဩဂုတ် ၇ ရက် နေ့လည်ခင်းက တစ်အောင်စကို ဒေါ်လာ ၁၄၉၅ မှာ ရှိနေခဲ့ပါတယ်။ ယင်းနေ့မှာ ၁၂ ဒေါ်လာ နီးပါးတက်လာခဲ့တာဖြစ်ပါတယ်။ ယင်းအခြေအနေအရ အဆိုပါ တန်ဖိုးကြီးသတ္တုဟာ မကြာမီ ဒေါ်လာ ၁၅၀၀ အမှတ်ကိုကောင်းကောင်း ကျော်ဖြတ်တော့မယ်လို့ Lee က ပြောပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေက ရွှေဈေးကို ခြောက်နှစ်ကျော်တာအတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိစေလျက်ရှိတယ်လို့ ၎င်းက ထပ်လောင်း ပြောပါတယ်။

**Source:** https://www.cnbc.com/.../gold-is-set-to-stay-strong-for-the-n...

SFJ Strategy First Journal

## ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယူရို ၈ သန်းထောက်ပံ့

မြန်မာနိုင်ငံရှိ ကဏ္ဍပေါင်းစုံပါဝင်နိုင်သော ရေရှည်တည်တံ့နိုင်မည့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယူရို ၈ သန်း ထောက်ပံ့ခြင်း အာဆီယံဒေသတွင်းပေါင်းစည်းရေးနှင့် မြန်မာနိုင်ငံကုန်သွယ်ရေးဆိုင်ရာအထောက်အကူပေးရေး (ARISE Plus Myanmar) တို့နှင့် ပတ်သက်သည့် ငွေကြေးထောက်ပံ့ခြင်းသဘောတူညီချက်စာချုပ် လွှဲပြောင်းပေးအပ်မှု အခမ်းအနားကို၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပခဲ့သည်။ ဤအခမ်းအနားကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC)၊ ကုန်သွယ်ရေးဌာန အမှုဆောင်ဒါရိုက်တာ ဦးမင်းမင်း၊ မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂပူးပေါင်းဆောင်ရွက်ရေးဌာန (EUD) အကြီးအကဲ Dr. Johann Hesse နှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဥရောပသမဂ္ဂပူးပေါင်းဆောင်ရွက်ရေးဌာနနှင့် နိုင်ငံတကာကုန်သွယ်ရေးဌာန (ITC) တို့မှ အရာရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဥရောပသမဂ္ဂသည် ARISE Plus Myanmar စီမံကိန်းကို အကောင်အထည်ဖော်လုပ်ဆောင်ရန် ယူရို ၈ သန်းကို လေးနှစ်တိုင်တိုင် ထောက်ပံ့မည်ဖြစ်ပြီး နိုင်ငံတကာကုန်သွယ်ရေးဌာန (ITC) သည် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန (MOC) နှင့် ပူးပေါင်း၍ ၎င်းစီမံကိန်းကို အကောင်အထည်ဖော် လုပ်ဆောင်မည်ဖြစ်သည်။ အာဆီယံစီးပွါးရေး အသိုက်အဝန်း (AEC) ၏ ၂၀၂၅ ခုနှစ် စီးပွါးရေးစီမံချက်ပုံစံအတိုင်း ပဏာမအားဖြင့် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) တို့အကြား ဆက်သွယ်မှုပိုမို တိုးပွါးလာစေရန်နှင့် စီးပွါးရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာ စေရန် ရည်ရွယ်သည်။

မြန်မာနိုင်ငံရှိ ကဏ္ဍပေါင်းစုံပါဝင်နိုင်သော ရေရှည်တည်တံ့နိုင်မည့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရန် ယခုကဲ့သို့ ငွေကြေးထောက်ပံ့မှုအတွက် ဥရောပသမဂ္ဂကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဤသည်မှာ ရေရှည်တည်တံ့နိုင်သော

တိုးတက်ရေးရည်မှန်းချက်များ ရှေ့ဆက်နိုင်ရန် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ခိုင်မာသောကတိကဝတ်ဖြစ်ကြောင်း ကုန်သွယ်ရေးဌာန အမှုဆောင်ဒါရိုက်တာ ဦးမင်းမင်းမှ နေပြည်တော်တွင်ကျင်းပခဲ့သော လွှဲပြောင်းပေးအပ်မှု အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေး ပိုမိုများပြားကျယ်ပြန့်စေရန်နှင့် ဒေသတွင်းရော၊ နိုင်ငံတကာနှင့်ပါ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်ရန် ARISE Plus Myanmar စီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံအား ကူညီထောက်ပံ့ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထိုကဲ့သို့သော အရေးပါသည့် ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်အောင်လုပ်ဆောင်ရာတွင် ဥရောပသမဂ္ဂသည် အထောက်အပံ့ပေးရန် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂပူးပေါင်းဆောင်ရွက်ရေးဌာန (EUD) အကြီးအကဲ Dr. Johann Hesse က ပြောကြားခဲ့သည်။ အာဆီယံဒေသတွင်း၊ ဥရောပသမဂ္ဂနိုင်ငံများအတွင်းနှင့် ကမ္ဘာ့စျေးကွက်တို့တွင် စီးပွါးရေးအခွင့်အလမ်းများ ရှာဖွေနိုင်စေရန် ARISE Plus Myanmar သည် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွါးရေးလုပ်ငန်းများ (MSMEs) အား ယူရို ၈သန်း ကူညီထောက်ပံ့ပေးမည် ဖြစ်သည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့်အညီ ပိုးမွှားရောဂါကာကွယ်ရေးစံနှုန်း (SPS) အတိုင်း လေးစားလိုက်နာစေရန် ကိုလည်း ရည်ရွယ်သည်။

စီမံကိန်း၏ အကူအညီဖြင့် မြန်မာနိုင်ငံသည် ၎င်း၏ ကုန်သွယ်ရေးမူဝါဒကို ချမှတ်နိုင်၍ ဒေသဆိုင်ရာ (ASEAN) နှင့် နိုင်ငံတကာဆိုင်ရာ (ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့-WTO,EU) ရင်းနှီးမြှုပ်နှံမှုများ ရယူနိုင်သည့်အပြင် တန်ဖိုးမြှင့်ကွင်းဆက် ကုန်ထုတ်လုပ်မှုစနစ်ဖြင့် ကုန်သွယ်ရေးအဟန့်အတားများ(NTBs)အား လျော့ကျစေရန် ရည်ရွယ်ပါသည်။ ပို့ကုန်အလေးပေး ဆောင်ရွက်ရေး အခန်းကဏ္ဍများနှင့် အစိုးရမဟာဗျူဟာနှင့်အညီ တရားမျှတ၍ကဏ္ဍပေါင်းစုံပါဝင်နိုင်သော ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးရေးတို့ကို ARISE Plus Myanmar က ကူညီထောက်ပံ့နိုင်ရန်မျှော်လင့်သည်။ ထုတ်ကုန်တန်ဖိုးနှင့် ကုန်ထုတ်အားကောင်းသောစက်ရုံများ ပိုမိုတိုးတက်လာရန်အတွက် စီးပွါးရေးကိုချဲ့ထွင်ရာတွင် အကူအညီဖြစ်စေပါသည်။ ၎င်းသည် အမျိုးသမီးများအတွက် အလုပ်သမားစျေးကွက်အတွင်း ဝင်ရောက်နိုင်ရန်နှင့် လုပ်ခလစာ ပိုမိုကောင်းမွန်သောအလုပ်များ ရရှိနိုင်မည့်အခွင့်အလမ်းအသစ်များကိုဖြစ်ပေါ်စေသည်။

ထို့အပြင်စီမံကိန်းသည် ကုန်သွယ်ရေးစည်းမျဉ်းများ၏ ပွင့်လင်းမြင်သာမှုကိုတိုးမြင့်စေပြီး တန်ဖိုးမြှင့်ကွင်းဆက် ကုန်ထုတ်လုပ်မှု စနစ်အတွင်းဝင်ရောက်ရာတွင် အမျိုးသမီးဦးဆောင်သော စီးပွါးရေးလုပ်ငန်းများတွင် ရင်ဆိုင်ရမည့် အတားအဆီးများကိုလည်း ဖော်ညွှန်းပြထားပါသည်။ အမျိုးသမီးစီးပွါးရေးလုပ်ငန်းရှင်များဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် စီးပွါးရေးအဖွဲ့အစည်းများ၏ အဆိုပြုတိုက်တွန်းလှုံ့ဆော်မှုဆိုင်ရာ ကြိုးစားအားထုတ်မှုကိုလည်း အထောက်အပံ့ ဖြစ်စေသည်။

**Source: The Myanmar Times**

**https://www.facebook.com/dootcheck.aleksander/posts/2325580647695212**

## Thura News Views

**Burgeoning solar power to address electricity demand**

Myanmar launches the first commercial solar plant in June 2019 and has completed the first stage of construction. Each of the three stages will add up 40 megawatts (MW) while the fourth and last stage will add 50MW. It will ultimately be ASEAN's largest solar power plant according to The ASEAN Post. The plant covers 836 acres of land (i.e. the equivalent of more than 500 football pitches). The plant will have a capacity of 170 MW and could electrify up to 210,000 households in the region. The government is racing against a booming demand for energy. It has recently reiterated its commitment to provide electricity coverage to 100 percent of the population by 2030. Myanmar cur-rently produces between 2.9 gigawatts (GW) and 3.1 GW according to official estimates. Supply barely meets the needs of 44 percent of the 55

million population. Furthermore, the June 2019 World Bank's figures point out that the average national energy consumption will grow at an annual rate of 11 percent until 2030. The international economic institution estimates that the peak demand will reach 12.6 GW by 2030. The flip side is that Myanmar should invest twice as much as the current level in order to meet the demand of up to USD 2 billion (MMK 3.014 trillion) (World Bank, 2019). Regular blackouts and unfulfilled electricity requirements raise concerns about international investors. In addition to LNG and hydropower, authorities praise solar power for its low environmental impact and low maintenance costs. Solar energy also significantly bolsters national technological development and Myanmar appears to have 'an incredible potential for solar energy' according to the International Growth Center (IGC) from LSE.

**Mandalay to become smart city**

Myanmar's royal city, Mandalay, has tumultuous history marked by decades of British rule and the fall of the country's royal dynasty. Myanmar's second largest city's officials now strive to metamorphose the agglomeration into the first smart city in Myanmar.

Mandalay's first municipal government with a majority of civilians has launched a regional initiative in order to fos-ter technological development and transform the city. New technologies, such as social networks for instance, play an utterly important role in the process. The mayor, U Ye Lwin, now communicates with residents and subordinates via Facebook. Authorities undertake online digital surveys or tap into 3D images shot by drones in order to improve tax collection efficiency. To monitor the most congested roads, sensors installed on CCTV cameras adjust the sequencing of traffic lights. Moreover, the local government has heavily invested in waste management systems en-hancements. Authorities have installed tracking systems on garbage trucks as a way to ensure they are collecting the litter everywhere.

In recent weeks, Mandalay has attracted international attention due to a proposed deal between the regional government and Huawei, the Chinese tech giant. The latter could provide the city with cameras equipped with cutting edge facial recognition technology coupled with other security equipment. This is part of the local government's "safe city" project worth USD 1.24 million (MMK 1.8 billion). The Trump administration has recently warned against Huawei's technology because of alleged fears that it could be a vehicle for Chinese espionage..

**Plant in Mandalay to produce first Chinese cars**

TIR

A new plant near Mandalay is poised to build the first Myanmar-made Chinese cars by Gold AYA Motor International. According to a report by the Myanmar Times, the subsidiary of the Chinese Shining Star Group of Companies, invested around USD 30 million into the plant. It is located in Mandalay's Myotha Industrial Zone. The plant will initially produce ten car models, including luxury cars, commercial cars, pickup trucks and SUVs for Chinese brands. The company plans to make 50,000 cars in he next five years. Initially, these will be composed of roughly 40% Myanmar-made parts. A company spokesperson said eventually Gold AYA Motor plans to broaden its parts manufacturing capacity and produce the first entirely "Myanmar-made" vehicles.

Although Gold Aya Motor will produce Myanmar's first Chinese cars, Japanese automakers have been operating in Thilawa SEZ for years. The largest, Suzuki Motor Corp, assembles cars from two Myanmar-based plants, according to The Straits Times. In May, Japanese automaker Toyota announced plans to build a factory in the Thilawa SEZ, near Yangon.

**Source: Thura Swiss News (Issue 377 Aug 08, 2019)**

## STOCK EXCHANGE (9.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,000 | 11,500 | 11,000 | 1,875 | 21,561,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,500 | +100 | +2.94% | 3,450 | 3,500 | 3,450 | 5,859 | 20,215,300 | 38,929,150 | 136,252 |
| MCB | 00003 | 8,200 | +200 | +2.50% | 8,200 | 8,200 | 8,200 | 1,133 | 9,290,600 | 10,400,986 | 85,288 |
| FPB | 00004 | 26,000 | +0 | +0.00% | 26,000 | 26,000 | 26,000 | 74 | 1,924,000 | 2,472,053 | 64,273 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,950 | 3,000 | 2,900 | 3,894 | 11,651,550 | 12,823,224 | 37,187 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 463.59 | +3.90 | +0.85% | 452.73 | 463.59 | 452.73 | 12,835 | 64,642,950 | 5 | 634,797 |

### Index chart




## Market Overview

As of 1:00 pm, 9th Aug. 2019

| MYANPIX | 463.59<br>▲ 3.90 |
|---|---|
| Total Volume (shares) | 12,835 |
| Total Value (MMK) | 65 mil |
| Listed Company | 5 |
| Market Cap. (MMK) | 634,797 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 100 |
| MCB | 00003 | 8,200 | ▲ 200 |
| FPB | 00004 | 26,000 | ▲ 0 |
| TMH | 00005 | 2,900 | 50 |